ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

Ph/Fax;067-414952

E-mail;mge@e-monrec.gov.mm

စာအမှတ်၊ ဖ-၁ / ၃၈ - ၉၅၅ / ၂၀၁၉

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်

သို့

---------------------------

---------------------------

---------------------------

အကြောင်းအရာ။ သက်တမ်းရှိ အကျိုးတူ/ပုဂ္ဂလိက တူးဖော်ထုတ်လုပ် ခွင့်ပြုမိန့်များအစား ပြောင်းလဲ ထုတ်ပေးမည့် အလတ်စားတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်များကို ထုတ်ယူရရှိနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များအား အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ(အသစ်)ကို (၃၀.၁.၂၀၁၉)ရက်နေ့တွင် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၄)ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းဥပဒေသစ်၏ ပုဒ်မ ၆၀ တွင် အောက်ပါအတိုင်းဖော်ပြထားပါသည်-

**'ဤဥပဒေမပြဋ္ဌာန်းမီက တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသော ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်အရ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသော နိုင်ငံတော်နှင့်အကျိုးတူ ဆောင်ရွက်သောလုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများ သည် ဤဥပဒေပါပြဋ္ဌာန်း ချက်များအရ ဝန်ကြီးဌာနက ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်။'**

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ (အသစ်)၊ ပုဒ်မ ၆၀ တွင် ပြဋ္ဌာန်းထားချက်အရ ၁၉၉၅ ခုနှစ်၊ ဥပဒေဖြင့် လုပ်ကိုင်ခွင့်ပြုထားခဲ့သော သက်တမ်းရှိ အကျိုးတူလုပ်ကွက်များနှင့် ပုဂ္ဂလိကလုပ်ကွက်များတွင် ကျောက်မျက် ရတနာထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ညွှန်ကြားချက် ထုတ်ပြန်သွားရမည် ဖြစ်ပါသည်။

၄။ ထို့အတွက် ယခုဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ၁၉၉၅ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ထုတ်ပေးသော သက်တမ်းရှိ အကျိုးတူ/ ပုဂ္ဂလိက(သတ်မှတ်၊ ဖော်ထုတ်) တူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်များနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် ညွှန်ကြားချက်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဝန်ကြီးဌာနက မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပုဒ်မ ၆၉ ၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ (၂၉.၄.၂၀၁၉) ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။

၅။ အဆိုပါညွှန်ကြားချက်တွင် ပါဝင်သည့် အဓိကကောက်နုတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၁၉၉၅ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရထုတ်ပေးထားသော သက်တမ်းရှိ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ် ခွင့်ပြုမိန့်များကို ယခုမြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ကျောက်မျက်ရတနာအလတ်စား တူးဖော်ထုတ်လုပ် ခွင့်ပြုမိန့်များအဖြစ်သို့ ပြောင်းလဲခွင့်ပြုသွားရန်။

(ခ) ပြောင်းလဲခွင့်ပြုသည့် ကျောက်မျက်ရတနာအလတ်စား တူးဖော်ထုတ်လုပ်ခွင့်ဧရိယာကို အောက်ပါအတိုင်း သတ်မှတ်ရန်-

(၁) ဧရိယာ(၅)ဧကထက်ပိုသော အကျိုးတူလုပ်ကွက်များအတွက် အလတ်စားလုပ်ကွက် (၁)ကွက် ဧရိယာ (၅)ဧကသာ ခွင့်ပြုသတ်မှတ်ရန်။

(၂) ကုမ္ပဏီတစ်ခုတည်းက လုပ်ကိုင်ခွင့်ရ ပုဂ္ဂလိက(သတ်မှတ်၊ ဖော်ထုတ်) လုပ်ကွက်များ၏ တစ်ဆက်တစ်စပ်တည်း တည်ရှိနေသောဧရိယာသည် (၅)ဧကနှင့် (၅)ဧကအောက် ကျယ်ဝန်းပါက ၎င်းလုပ်ကွက်များကိုစုစည်း၍ အလတ်စားလုပ်ကွက်(၁)ကွက်အဖြစ် ပြောင်းလဲခွင့်ပြုရန်နှင့် စုစည်းထားသည့် မူလလုပ်ကွက်များ၏ ဧရိယာကို အလတ်စားလုပ်ကွက် လုပ်ကိုင်ခွင့်ရ ဧရိယာအဖြစ် သတ်မှတ်ရန်။

(၃) စုစည်း၍မရနိုင်သော ပုဂ္ဂလိက(သတ်မှတ်၊ ဖော်ထုတ်) လုပ်ကွက်တစ်ကွက်ချင်းစီကို အလတ်စားလုပ်ကွက်(၁)ကွက်အဖြစ်ပြောင်းလဲခွင့်ပြုရန်နှင့် အလတ်စားလုပ်ကွက်လုပ်ကိုင်ခွင့်ရဧရိယာအား (၁)ဧက သတ်မှတ်ရန်။

(ဂ) ပြောင်းလဲခွင့်ပြုသည့် အလတ်စားတူးဖော်ထုတ်လုပ် ခွင့်ပြုမိန့်၏သက်တမ်းကို အောက်ပါအတိုင်း သတ်မှတ်ရန်-

(၁) ၁၉၉၅ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ထုတ်ပေးထားသည့် (မူလ) ခွင့်ပြုမိန့်၏ သက်တမ်းကုန်ဆုံးရက်သည် (၃၀.၁.၂၀၂၂)ရက်နေ့ထက် မကျော်လွန်ပါက အလတ်စား တူးဖော်ထုပ်လုပ်ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးရက်ကို (မူလ)သက်တမ်းကုန်ဆုံးသည့် ရက်အတိုင်း သတ်မှတ်ရန်။

(၂) ၁၉၉၅ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ထုတ်ပေးထားသည့်ခွင့်ပြုမိန့်၏ (မူလ) သက်တမ်းကုန်ဆုံးရက်သည် (၃၀.၁.၂၀၂၂)ရက်နေ့ထက် ကျော်လွန်ပါက အလတ်စား တူးဖော်ထုပ်လုပ်ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးရက်ကို (၃၀.၁.၂၀၂၂)ရက်နေ့အဖြစ် သတ်မှတ်ရန်။

(ဃ) သက်တမ်းရှိခွင့်ပြုမိန့်ကိုင်ဆောင်ထားသော ကုမ္ပဏီများက ကျောက်မျက်ရတနာ အလတ်စား လုပ်ကွက်များအဖြစ်သို့ ပြောင်းလဲလိုသည့် အကျိုးတူလုပ်ကွက်၊ ပုဂ္ဂလိက လုပ်ကွက်စာရင်းကို (၃၁.၇.၂၀၁၉)ရက်နေ့နောက်ဆုံးထား၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြု တင်ပြလျှောက်ထားစေရန်နှင့် ယင်းနေ့ထိ မတင်ပြသော ကုမ္ပဏီများကို ဆန္ဒမရှိဟု သတ်မှတ်ရန် ဖြစ်ပြီး ခွင့်ပြုမိန့်စာရင်းမှ ပယ်ဖျက်၍လုပ်ကွက်များပြန်လည်အပ်နှံစေရန်။

၆။ သို့ဖြစ်ပါ၍ ၁၉၉၅ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ထုတ်ပေးထားသော သက်တမ်းရှိ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ် ခွင့်ပြုမိန့်များကို ကိုင်ဆောင်ထားသည့် ကုမ္ပဏီများသည် အောက်ပါ အတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်-

(က) ၂၀၁၉ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့၏ နောက်ပိုင်းကာလအထိ ခွင့်ပြုမိန့်သက်တမ်းမကုန်သေးသော အကျိုးတူလုပ်ကွက်၊ ပုဂ္ဂလိကလုပ်ကွက်များကို ကျောက်မျက်ရတနာ အလတ်စားလုပ်ကွက် များအဖြစ်၍ ပြောင်းလဲလိုသည့် ကုမ္ပဏီများက အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(၁) ပြုစုရမည့် စာရွက်စာတမ်းများ-

(ကက) ပြောင်းလဲခွင့်ပြုပါရန် တင်ပြစာ (ပူးတွဲ-၁)။

(ခခ) ကျောက်မျက်ရတနာအလတ်စားလုပ်ကွက်အဖြစ် ခွင့်ပြုမိန့်ထုတ်ယူခွင့်ပြုပါရန် တင်ပြလိုသည့် ပုဂ္ဂလိက(သတ်မှတ်/ဖော်ထုတ်)လုပ်ကွက်စာရင်း(ပူးတွဲ-၂)။

(ဂဂ) ကျောက်မျက်ရတနာအလတ်စားလုပ်ကွက်အဖြစ် ခွင့်ပြုမိန့်ထုတ်ယူခွင့်ပြုပါရန် တင်ပြလိုသည့် အကျိုးတူလုပ်ကွက်စာရင်း (ပူးတွဲ-၃)။

(၂) ပြုစုထားသည့်ပူးတွဲပါစာရွက်စာတမ်းများကို (၃၁.၇.၂၀၁၉) ရက်နေ့ နောက်ဆုံးထားပြီး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မှတ်တမ်းနှင့်လိုင်စင်ဌာနသို့ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အသင်း၏ အမှုဆောင်တစ်ဦးဦး က ကိုယ်တိုင် လာရောက်၍ အဆိုပြုတင်ပြလျှောက်ထားရန်။(အလတ်စားလုပ်ကွက်- ၁ကွက် အတွက် ကျောက်မျက်ရတနာအလတ်စားတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်ထုတ်ယူခွင့်တင်ပြစာ ၁ စောင်ဖြင့် လျှောက်ထားရန်)။

(၃) ပုဂ္ဂလိက(သတ်မှတ်/ဖော်ထုတ်)လုပ်ကွက်များ၏ မူလရရှိထားသည့်ခွင့်ပြုမိန့် ကတ်ပြား များကို ပြန်လည်အပ်နှံသွားရန်။

(၄) အကျိုးတူလုပ်ကွက်များအတွက် ကျောက်မျက်ရတနာများ ရောင်းချမှုနှင့် ထုတ်လုပ်မှု အပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန် သဘောတူစာချုပ် (အကျိုးတူ စာချုပ်)ကို ပယ်ဖျက်ရေးဆောင်ရွက်သွားရန်။

(ခ) အလတ်စားလုပ်ကွက်အဖြစ် ပြောင်းလဲခြင်းကို ဆန္ဒမရှိသဖြင့် (၃၁.၇.၂၀၁၉) ရက်နေ့အထိ အဆိုပြု တင်ပြလျှောက်ထားမှုမရှိသော ကုမ္ပဏီများသည် လုပ်ကိုင်ခွင့်ရရှိခဲ့သော အကျိုးတူလုပ်ကွက်၊ ပုဂ္ဂလိကလုပ်ကွက်များကို ပြန်လည်အပ်နှံသွားရန်။

၇။ လျှောက်ထားသည့် ကုမ္ပဏီများသည် ကျောက်မျက်ရတနာအလတ်စားတူးဖော် ထုတ်လုပ်ခွင့်ပြုမိန့် ထုတ်ယူခြင်း၊ နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်း/ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာများအတွက် ရတနာခွန်ပေးဆောင်ခြင်း/ ခွဲဝေခံစားခြင်း/ သိုလှောင်သိမ်းဆည်းခြင်း/သယ်ဆောင်ခြင်း/ရောင်းချခြင်းလုပ်ငန်းတို့ကို မြန်မာ့ကျောက်မျက်ရတနာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ထုတ်ပြန်ပြီး/ ထုတ်ပြန်ရန် ပြင်ဆင်ဆဲနည်းဥပဒေ၊ အမိန့်ကြော်ငြာစာများကို လိုက်နာဆောင်ရွက်ကြ ရမည်ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ ------------------------------ကုမ္ပဏီသည် ၂၀၁၉ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့၏ နောက်ပိုင်းကာလသက်တမ်းအထိ လုပ်ကိုင်ခွင့်ရရှိထားသည့် အကျိုးတူလုပ်ကွက်၊ ပုဂ္ဂလိကတူးဖော် ထုတ်လုပ် ခွင့်ပြုမိန့်များကို ကျောက်မျက်ရတနာအလတ်စားတူးဖော် ထုတ်လုပ်ခွင့်ပြုမိန့်အဖြစ် ပြောင်းလဲခွင့်ရရှိနိုင်ရေးအတွက် ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၆၀ အရ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်ကို တိကျစွာလိုက်နာ၍ စနစ်တကျပြုစုထားသော စာရွက်စာတမ်းများဖြင့် သတ်မှတ်ကာလအတွင်း တင်ပြလျှောက်ထားပါရန် အသိပေးအကြောင်းကြားပါသည်။

၉။ သတ်မှတ်ကာလအတွင်း တင်ပြလျှောက်ထားခြင်းမရှိသော ကုမ္ပဏီများ၏ လုပ်ကိုင်ခွင့်ရရှိထားသည့် အကျိုးတူလုပ်ကွက်၊ ပုဂ္ဂလိကတူးဖော် ထုတ်လုပ် ခွင့်ပြုမိန့်များကို ညွှန်ကြားချက်နှင့်အညီ ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်းနှင့် လုပ်ကွက်များကို ပြန်လည်အပ်နှံသွားစေမည်ဖြစ်ပါကြောင်း ဖြည့်စွက်အသိပေးအကြောင်းကြားပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)
(သက်ခိုင်၊ ဒုတိယအထွေထွေမန်နေဂျာ)

မိတ္တူ

အထွေထွေမန်နေဂျာ(ကျောက်မျက်/ကျောက်စိမ်း)
ဒုတိယအထွေထွေမန်နေဂျာ(မိုးကုတ်/မိုင်းရှူး)
စခန်းတာဝန်ခံ(ခန္တီး/မိုးညှင်း/နန့်ယား)
ရောင်းဝယ်ရေးဌာန(ကျောက်စိမ်း)
ရုံးလက်ခံစာတွဲ/မျှောစာတွဲ

ကုမ္ပဏီ၏ Latter Head ဖြင့် လျှောက်ထားရန်။

## ကျောက်မျက်ရတနာအလတ်စားတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်
## ထုတ်ယူခွင့်တင်ပြစာ

သို့

ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ရက်စွဲ၊ ---------------။

အကြောင်းအရာ ။ **ကျောက်မျက်ရတနာအလတ်စားတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်ထုတ်ယူခွင့်တင်ပြခြင်း**

...........................ကုမ္ပဏီ/အသင်းသည် ၂၀၁၉ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့၏ နောက်ပိုင်းကာလသက်တမ်းအထိ .................. ရတနာနယ်မြေတွင် လုပ်ကိုင်ခွင့်ရရှိထားသည့် အကျိုးတူလုပ်ကွက်(　)ကွက်/ ပုဂ္ဂလိကလုပ်ကွက် (　)ကွက်အတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်များကို ကျောက်မျက်ရတနာအလတ်စားတူးဖော် ထုတ်လုပ်ခွင့်ပြုမိန့်အဖြစ် ပြောင်းလဲထုတ်ယူပြုနိုင်ပါရန်နှင့် ခွင့်ပြုမိန့်ရရှိပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ထုတ်ပြန်ပြီး/ထုတ်ပြန်ရန် ပြင်ဆင်ဆဲနည်းဥပဒေ၊ အမိန့်ကြော်ငြာစာများကို တိကျစွာလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိရှိနိုင်ပါရန် လိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ တင်ပြလျှောက်ထားအပ်ပါသည်-

၁။ **<u>ကုမ္ပဏီ/အသင်းကိုယ်စားလျှောက်ထားသူ</u>** (အစုရှယ်ယာအများဆုံး ပိုင်ဆိုင်သော ကုမ္ပဏီဒါရိုက်တာ/ အသင်း၏ အဆင့်အမြင့်ဆုံး တာဝန်ကို ရယူထားသူ)

(က) အမည်/ ရာထူးတာဝန် ..............................................

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ....................................

(ဂ) နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ..................
.....................................................
.....................................................

၂။ **<u>ကုမ္ပဏီ/ အသင်း</u>**

(က) အမည် ။ ..............................................

(ခ) မှတ်ပုံတင်အမှတ်နှင့် ရက်စွဲ ။ ..................................

(ဂ) ကုမ္ပဏီ/အသင်း၏ မှတ်ပုံတင်သက်တမ်း.............................

(ဃ) အစုရှယ်ယာဝင်ဦးရေ ........ ....................................

(င) အစုရှယ်ယာပမာဏ ..........................................

(စ) ကုမ္ပဏီ/အသင်း၏ တည်နေရာ၊ လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် အမှတ်၊ အီးမေးလ် လိပ်စာ..............................................
.....................................................
.....................................................

(ဆ) ကုမ္ပဏီ၏ ဒါရိုက်တာများ/ အသင်းအမှုဆောင်များ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ....................................................

....................................................................

....................................................................

(ဇ) အစုရှယ်ယာအများဆုံး ပိုင်ဆိုင်သောကုမ္ပဏီဒါရိုက်တာ/ အသင်း၏ အဆင့်အမြင့်ဆုံး တာဝန်ကို ရယူထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ........................

....... ......................... ...............................

..............................................................

၃။ **ကျောက်မျက်ရတနာအလတ်စားတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်ထုတ်ယူခွင့်ပြုပါရန်လျှောက်ထားလိုသည့်–**

(က) ရတနာနယ်မြေ၊ မော်/ကွက်ရပ်........................................

....................................................................

**(ခ) အကျယ်အဝန်း(ဧက)............................................**

....................................................................

၄။ <u>**ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ**</u>

(က) ထုတ်လုပ်မည့် ကျောက်မျက်ရတနာအမျိုးအစား..................................

....................................................................

....................................................................

(ခ) အသုံးပြုမည့် တူးဖော်မှုနည်းစနစ် ..........................................

....................................................................

(ဂ) အသုံးပြုမည့် စက်ကိရိယာ/ စက်ယန္တရား/ မြေသယ်ယာဉ်/ အုပ်ချုပ်မှုယာဉ် အမျိုးအစား၊ ဝန်ဆောင်နိုင်စွမ်းအားနှင့် အရေအတွက်–

| စဉ် | အမျိုးအစား | ဝန်ဆောင်နိုင်စွမ်းအား | အရေအတွက် |
|---|---|---|---|
| (၁) ........ | ........ | ........ | ........ |
| (၂) ........ | ........ | ........ | ........ |
| (၃) ........ | ........ | ........ | ........ |
| (၄) ........ | ........ | ........ | ........ |
| (၅) ........ | ........ | ........ | ........ |

**(ဃ) တူးဖော်မှုလုပ်ငန်းစတင်မည့်ရက်........................................**

**(င) မူလလုပ်ကိုင်ခွင့်ရရှိထားသည့်လုပ်ကွက်များအတွက် (EMP) တင်ပြထားမှုရှိ/မရှိ–**

**(၁) (EMP)တင်ပြထားမှုရှိပါက တင်ပြထားသည့်ရက်စွဲ. . . . . . . . . . . . . . . . . . . . . . . . . . .**

**(၂) တင်ပြထားခြင်းမရှိပါ ယခုအလတ်စားလုပ်ကွက်အတွက် တင်ပြမည့်ရက်စွဲ . . . . . . . . . . .**

**. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .**

**(စ) ယခုအလတ်စားလုပ်ကွက်ပိတ်သိမ်းမည့်အစီအမံတင်ပြမည့်ရက်စွဲ . . . . . . . . . . . . . . . . . . . .**

၅။ **လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်**

ဤလျှောက်လွှာတွင် ဖြည့်သွင်းထားသည့် အချက်အလက်များသည် မှန်ကန်ပါကြောင်းနှင့် ကျောက်မျက်ရတနာအလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ ------------------------ ကုမ္ပဏီ/အသင်းက လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း ကုမ္ပဏီ/အသင်း၏ ကိုယ်စားလျှောက်ထားသူအနေဖြင့် ဝန်ခံကတိပြုပါသည်။

၆။ အောက်ပါစာရွက်စာတမ်းများပူးတွဲ၍ တင်ပြအပ်ပါသည် –

(က) ကုမ္ပဏီ/အသင်းမှတ်ပုံတင် လက်မှတ်မိတ္တူ။

(ခ) ကျောက်မျက်ရတနာအလတ်စားလုပ်ကွက်အဖြစ် ခွင့်ပြုမိန့်ထုတ်ယူခွင့်ပြုပါရန် တင်ပြလိုသည့် ပုဂ္ဂလိက(သတ်မှတ်/ဖော်ထုတ်)လုပ်ကွက်စာရင်း။

(ဂ) ကျောက်မျက်ရတနာအလတ်စားလုပ်ကွက်အဖြစ် ခွင့်ပြုမိန့်ထုတ်ယူခွင့်ပြုပါရန် တင်ပြလိုသည့် အကျိုးတူလုပ်ကွက်စာရင်း။

(ဃ) တူးဖော်ရရှိသည့် ကျောက်မျက်ရတနာများကို လုပ်ကွက်အတွင်း သိုလှောင်ထိန်းသိမ်းမည့်အစီအမံ။

လျှောက်ထားသူ
(အစုရှယ်ယာ အများဆုံး ပိုင်ဆိုင်သောကုမ္ပဏီဒါရိုက်တာ)
သို့မဟုတ်
(အသင်း၏ အဆင့်အမြင့်ဆုံးတာဝန်ကို ရယူထားသူ)

လက်မှတ် ၊. . . . . . . . . . . . . . . . . . . . .

အမည် ၊ . . . . . . . . . . . . . . . . . . . . . . .

ရာထူး/ တာဝန် ၊ . . . . . . . . . . . . . . . . . .

ကုမ္ပဏီ/အသင်း ၊ . . . . . . . . . . . . . . . . . .

**(                    )ကုမ္ပဏီက (                    )ရတနာနယ်မြေတွင်**

**ကျောက်မျက်ရတနာအလတ်စားလုပ်ကွက်အမှတ် (      ) အ ဖြစ်**

**ခွင့်ပြုမိန့်ထုတ်ယူခွင့်ပြုပါရန် တင်ပြလိုသည့် ပုဂ္ဂလိက(သတ်မှတ်/ဖော်ထုတ်)လုပ်ကွက်စာရင်း**

| စဉ် | ကုမ္ပဏီ အမည် | မှော်/ကွက်ရပ် | လုပ်ကွက်အမျိုးအစား (သတ်မှတ်/ ဖော်ထုတ်) | လုပ်ကွက် အမှတ် | သက်တမ်းကာလ | | လုပ်ကွက် အကျယ်အဝန်း (ဧက) | စုစုပေါင်း | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မှ | ထိ | | လုပ်ကွက် အ ရေ အတွက် | အကျယ်အဝန်း (ဧက) | |
| ၁ | | | | | | | | | | |
| | | | | | | | | | | |

**(                    )ကုမ္ပဏီက (                   )ရတနာနယ်မြေတွင်**

**ကျောက်မျက်ရတနာအလတ်စားလုပ်ကွက် အ ဖြစ်**

**ခွင့်ပြုမိန့်ထုတ်ယူခွင့်ပြုပါရန် တင်ပြလိုသည့် အကျိုးတူလုပ်ကွက်စာရင်း**

<table>
<tr><th rowspan="3">စဉ်</th><th colspan="6">အကျိုးတူလုပ်ကွက်၏အချက်အလက်များ</th><th colspan="3">အလတ်စားတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့် ရရှိလိုသည့်လုပ်ကွက်၏ အချက်အလက်များ</th><th rowspan="3">မှတ်ချက်</th></tr>
<tr><th rowspan="2">ကုမ္ပဏီ<br>အမည်</th><th rowspan="2">မှော်/ကွက်ရပ်</th><th rowspan="2">လုပ်ကွက်<br>အမှတ်</th><th colspan="2">သက်တမ်းကာလ</th><th rowspan="2">လုပ်ကွက်<br>အကျယ်အဝန်း<br>(ဧက)</th><th rowspan="2">လုပ်ကွက်<br>အကျယ်အဝန်း<br>(ဧက)</th><th colspan="2">လုပ်ကွက်၏နယ်နိမိတ်ပြ</th></tr>
<tr><th>မှ</th><th>ထိ</th><th>ဒေါင့်မှတ်</th><th>မြေပုံညွှန်း(UTM)</th></tr>
<tr><td rowspan="4"></td><td rowspan="4"></td><td rowspan="4"></td><td rowspan="4"></td><td rowspan="4"></td><td rowspan="4"></td><td rowspan="4"></td><td rowspan="4"></td><td>ဒေါင့်မှတ် (A)</td><td></td><td rowspan="4">ပူးတွဲ<br>မြေပုံ</td></tr>
<tr><td>ဒေါင့်မှတ် (B)</td><td></td></tr>
<tr><td>ဒေါင့်မှတ် (C)</td><td></td></tr>
<tr><td>ဒေါင့်မှတ် (D)</td><td></td></tr>
<tr><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>